ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ (9-10-2011) (၆၉၀၇)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေးကျိုးကြောင်းဆက်များကို

# မြန်မာနိုင်ငံ ဆေးပညာရှင်များအနေနှင့် မျက်ခြည်မပြတ်လေ့လာပြီး ပြုပြင်သင့်သည်တို့ကို အချိန်နှင့်တစ်ပြေးညီ အကြံပေး

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်မှာ ၁၁ နှစ်ကျော် ၁၂ နှစ်အတွင်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခု ၁၂ နှစ်တာကာလ ခရီးတစ်ထောက်အရောက်တွင် ပြန်လည်သုံးသပ်ရလျှင် အမှုဆောင်အဖွဲ့များနှင့် အဖွဲ့ဝင်များ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုကြောင့် ရာခိုင်နှုန်းပြည့်မဟုတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို နှစ်ထောင်းအားရဖြစ်မိကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမကြီး၌ ကျင်းပသော မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာသည် နည်းပညာနှင့် ဆက်သွယ်ရေးပညာများ ထွန်းကားလာကာ ကမ္ဘာ့ကျေးရွာကြီးအသွင် (Global Village) သို့ လျင်မြန်စွာ ပြောင်းလဲလာနေသည်ကိုလည်း သတိပြုမိကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Science and Technological Development ကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေးကျိုးကြောင်းဆက်များကို မြန်မာနိုင်ငံ ဆေးပညာရှင်များအနေနှင့် မျက်ခြည်မပြတ် **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ဘိုကလေးမြစ်ကူးတံတား ၄၅ ရာခိုင်နှုန်းကျော် ပြီးစီး

"ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၊ လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းနှင့် လမ်းအမှတ်(၆) ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းတို့နှင့် ဆက်သွယ်ပေးထားသည့် အရှည် ၃၅၅၃ ပေရှိ ဘိုကလေးမြစ်ကူးတံတားကြီးကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဩဂုတ်လအတွင်း စီမံကိန်းပြီးစီးမှုအနေဖြင့် ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးသွားပြီဖြစ်ကြောင်း" ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဒေါ်ချိုမာဦးတို့က မြန်မာ့သတင်းစဉ် သတင်းအဖွဲ့အား ပြောကြားသည်။

ဆက်လက်၍ "ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်း ၇၁ ဒသမ ၄၃ ရာခိုင်နှုန်း၊ ဘိုကလေးဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ခြင်းလုပ်ငန်း **စာမျက်နှာ ၃ ကော်လံ ၁ သို့✤**

**သတင်းမြင်ကွင်း**
**မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)**



## ယနေ့သတင်းအညွှန်း

**မိုးအဆက်မပြတ်ရွာ၍ မိတ္ထီလာမြောက်ကန် ရေလျှံ**

"မိတ္ထီလာမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မြောက်ကန်ရေလျှံတက်ရာ နန်းတော်ကုန်းရပ်ကွက်နှင့် ဈေးအရှေ့ပြင်ရပ်ကွက်အား ဆက်သွယ်ထားသည့် ကန်ပတ်လမ်းပေါ်တွင် ကန်ရေများ ဖုံးလွှမ်းသွား၍ ကန်ပတ်လမ်းအား ယာယီပိတ်ထားရ"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

**ကလေးနှင့် ချင်းတောင်တန်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲ**

"အိမ်နှင့် ဆိုင်ဝန်းကျင်မှ သဘာဝအလျောက် စီးဆင်းနေသော ချောင်းများမှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာများဖြင့် လျှပ်စစ်ထုတ်ယူသုံးစွဲ၍ အဆင်ပြေလျက်ရှိ"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

**အမေရိကန် မောင်းသူမဲ့လေယာဉ်များကို ကွန်ပျူတာပိုင်းရပ်စ် တိုက်ခိုက်**

"အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်ရှိ မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးစခန်းများ၌ လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်ခန့်မှစ၍ ကွန်ပျူတာပိုင်းရပ်စ် ဝင်ရောက်တိုက်ခိုက်နေ"

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

မြားမုံ The Mirror

၉-၁၀-၂၀၁၁
(တနင်္ဂနွေနေ့)

# ရေထု လေထု ညစ်ညမ်းစေမှု သတိပြု

သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု သစ်ပင်တောတောင် သဘာဝသယံဇာတများ ဝန်းရံနေသည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှု ရှိနေရန်လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်နေစေရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရပေမည်။

မျက်မှောက်ကမ္ဘာတွင် လူသားများနေထိုင်ရာ ပတ်ဝန်းကျင်၌ မြေ၊ ရေ၊ လေ၊ ရာသီဥတုတို့ ယိုယွင်းလာနေသည်။ လူသားတို့က သဘာဝသယံဇာတများ မဆင်မခြင်ထုတ်ယူသုံးစွဲမှု၊ စားသုံးမှုအမျိုးမျိုး၊ ထုတ်လုပ်မှုအထွေထွေတို့မှ အမှိုက်သရိုက်၊ ရေဆိုးရေညစ်များ စွန့်ပစ်နေခြင်းတို့ကြောင့် ရေထု လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်နေကြရပြီ။

အထူးသဖြင့် မြစ်ချောင်းများနံဘေးနှင့် အနီးရှိ စက်ရုံများမှ ရေဆိုးများကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်သင့်သည်။ အရက်ချက်စက်ရုံ၊ သားရေစက်ရုံ၊ ပဲခွဲစက်ရုံ၊ ငါးပုစွန်အအေးခန်းစက်ရုံ၊ ဆိုးဆေးအသုံးပြု အထည်စက်ရုံ၊ ငံပြာရည်စက်ရုံ၊ အချိုရည်စက်ရုံနှင့် ဓာတုဗေဒပစ္စည်းသုံးစက်ရုံစသည်တို့မှ စွန့်ပစ်ရေဆိုးများတွင် ဓာတုဗေဒနှင့် အဆိပ်အာနိသင်များ ပါဝင်သည်။ အဆိုပါ စွန့်ပစ်ရေဆိုးများ မြစ်ချောင်းများအတွင်း ရောက်ရှိပျံ့နှံ့နေပါက ရေနေသတ္တဝါများ သေကျေနိုင်သည်။ မြစ်ရေ၊ ချောင်းရေသုံးစွဲသူများလည်း ကျန်းမာရေးထိခိုက်စေပေသည်။

ထို့အပြင် မြို့ပြများ၏ မိလ္လာများကို ပြုပြင်သန့်စင်မှုမရှိဘဲ မြစ်များအတွင်း စွန့်ပစ်ခြင်း၊ မြို့ရွာအချို့တွင် မြစ်ချောင်းကမ်းနဖူး၌ ရေအိမ်များ တည်ဆောက်အသုံးပြုခြင်း၊ မြစ်ရေ၊ ချောင်းရေဖြင့် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့သည်လည်း ရေညစ်ညမ်းမှုကို ဖြစ်စေနိုင်သဖြင့် သတိပြုရှောင်ရှားသင့်သည်။ မသန့်ရှင်းသော သောက်သုံးရေနှင့် မသန့်ရှင်းသော ရေအိမ်များ သုံးစွဲရမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေးသူငယ်များအပါအဝင် လူငါးသန်းခန့် ရောဂါအမျိုးမျိုး ဖြစ်ပွားသေဆုံးနေကြရသည်။

မြစ်ချောင်းများအနီးရှိ စက်ရုံများအနေဖြင့် စက်ရုံထွက်ရေဆိုးများကို ကိုယ်ပိုင်ရေဆိုးသန့်စင်ကန်များ ထားရှိပြီးမှ စနစ်တကျ စွန့်ပစ်သင့်သည်။ နေ့စဉ် စွန့်ပစ်သောအမှိုက်များတွင် ပုပ်သိုးဆွေးမြည့်လွယ်သည့် ဓာတ်ပစ္စည်းများ ပါဝင်နေသဖြင့် မြစ်ချောင်းများအတွင်း စွန့်ပစ်ပါက ရေညစ်ညမ်းမှု ဖြစ်စေနိုင်ပေသည်။

စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရေးအတွက် ကြီးကြပ်ကွပ်ကဲရေးလမ်းညွှန်ထားပြီ။ ရေဝေရေလဲဒေသ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နေပြီ။ ရေထုညစ်ညမ်းမှုအပါအဝင် လေထုညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှု၊ သစ်တောသစ်ပင် ပြုန်းတီးမှု စသည်တို့သည် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ဖြစ်ပေါ်စေသည်။ ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်သူများ ငါးစားသုံးမှုတိုးတက်ရေး ငါးသားပေါက်များ ပြည့်ဝစွာထုတ်လုပ်

**နေပြည်တော် အောက်တိုဘာ ၈**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး မွေးမြူရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူများ ငါးစားသုံးမှု တိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် ငါးသားပေါက် စခန်းများ၊ ငါးအသားတိုး မွေးမြူရေးစခန်းများ တိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ငါးသားပေါက်ထုတ်လုပ်ထားရှိမှုနှင့် မျိုးငါးကြီးများ မွေးမြူပြုစုထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ ငါးလုပ်ငန်းဦးစီးဌာန သားပေါက်စခန်းများအားလုံး ငါးသားပေါက်များ ရည်မှန်းချက်အတိုင်း ပြည့်ဝစွာထုတ်လုပ်ရန်၊ မြစ်ချောင်းများ၊ ဆည်တာတမံ၊ ရေလှောင်ကန်ကြီးများနှင့် အင်းအိုင်များအတွင်း ငါးမျိုးစိုက်မှု ပြည့်ဝစွာ ဆောင်ရွက်သွားရန်နှင့် ငါးမွေးမြူသူတောင်သူများ၏ မွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ဆုံးရှုံးမှုဖြစ်ပေါ်ပါက ငါးသားပေါက်များ မျိုးစိုက်ထုတ်၍ ပြန်လည်မွေးမြူနိုင်ရေး ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန လှော်ကား ငါးလုပ်ငန်းစခန်းအား ကြည့်ရှုစစ်ဆေးစဉ်။** (မွေး/ရေ)

# မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေး ဆွေးနွေး

**စဥ့်ကူး အောက်တိုဘာ ၈**

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်က မြို့နယ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာကျော်နိုင်ဦး၊ ဒုတိယဦးစီးမှူး ဒေါက်တာခင်ဇော်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက်မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြီး မွေးမြူရေးလုပ်ငန်းရှင်အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ သားသတ်လိုင်စင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပေးနိုင်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဥပဒေများကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

(မြို့နယ်မွေး/ကု)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၉-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၀ | ၄။ | **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂၀)** |
| ၁၁း၅၀ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၁း၅၅ | ၆။ | **မြင်းမိုရ်ကြူးတဲ့မေမေ** |
| ၁၂း၄၅ | ၇။ | ကျန်းမာသုတ |
| ၁၂း၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၁း၀၀ | ၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၃)** |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၂၀ | ၅။ | လျှပ်တစ်ပြက် |
| ၄း၃၀ | ၆။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| ၄း၅၀ | ၇။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၀၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၀ | ၉။ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၂။ | ဘဝကြေးမုံ အခိုက်အတန့် (ဘုန်းသိုက်၊ မာရီနာနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဘုန်းသိုက်) |
| ၆း၅၀ | ၁၃။ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၅၇)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၂၀။ | ပဟေဠိနန်းတော် |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ရောင်ပြန်မေတ္တာ (အပိုင်း-၂၄)** |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၈၅)** |

# စစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၈**

လှိုင်းဘွဲ့မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက စစ်မှုထမ်းဟောင်း သား၊ သမီးများအား (၂၀၁၁-၂၀၁၂) ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် အသက်(၇၀) အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ ငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်က လှိုင်းဘွဲ့မြို့နယ် ထီလုံစစ်မှု ထမ်းဟောင်းအိမ်ရာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်ကြီးခင်စိုး(ငြိမ်း)က အမှာစကားပြောကြားပြီး တက္ကသိုလ်/ကောလိပ်အဆင့်တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် ၁၂ ဦး၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ၁၃ ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀နှုန်းဖြင့် ၃၅ ဦး၊ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ၅၀၊ အသက်(၇၀) အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် တစ်ဦး စုစုပေါင်း ၁၀၈ ဦးအတွက် ငွေကျပ် ၄၄၉၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။**(အပေါ်ဝဲပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်း)



# ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) တတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘိုကလေးမြို့နယ်အသင်းဓမ္မာရုံ ချောက်ထပ်ကြီးဘုရားဝင်း အရှေ့ရွှေဂုံတိုင်လမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၂၁၂၅၀၈ နှင့် ၄၀၁၀၁၄ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

# စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားဟောင်းများ စုပေါင်းအလှူ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၉ ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ် စုပေါင်းအလှူပွဲကို အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့ လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာဝင်း အေးရိပ်မွန်(၄)လမ်းနှင့် စကားဝါလမ်းထောင့် ရတနာသိဒ္ဓိကျောင်းတိုက်၌ ကျင်းပမည် ဖြစ်သည်။

ကထိန်ပဒေသာပင်နှင့် အလှူငွေများကို
ဦးကြည်လွင် ဖုန်း-၀၉-၅၀၇၃၆၇၁၊
ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၉၃၄၃၊
ဦးမြင့်လွင် ဖုန်း-၀၁-၅၉၅၄၂၉၊
ဦးတင်လှိုင် ဖုန်း-၀၉-၇၃၀၉၈၄၃၀၊
ဒေါ်သန်းသန်းလွင် ဖုန်း-၀၁-၅၃၅၀၃၁၊
ဒေါ်အိအိခိုင် ဖုန်း-၀၉-၇၃၁၅၇၂၀၄၊
ဒေါ်ခင်ချိုဦး ဖုန်း-၀၁-၅၁၁၈၀၄၊
ဒေါ်လင်းလင်း ဖုန်း-၀၁-၂၁၂၀၂၇၊
ဒေါ်သန်းသန်းဝင်း ဖုန်း-၀၉-၅၀၀၆၉၂၈ နှင့် ဒေါ်ခင်မြင့်ကြည် ဖုန်း-၀၁-၅၀၂၅၉၅ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အခွန်ပညာပေးရှင်းလင်းပွဲ မိုးကုတ်မြို့နယ်၌ ကျင်းပ

**မိုးကုတ် အောက်တိုဘာ ၈**

ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အရပ်ရပ်နှင့် ပတ်သက်၍ ပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၂၀ ရက်က မိုးကုတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အခွန်အရပ်ရပ်ဆိုင်ရာ သိကောင်းစရာများနှင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကဏ္ဍတို့တွင် ထားရှိအသုံးပြုရမည့် စာရင်းဇယားပုံစံများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အစီအစဉ်အရ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ပြည်တွင်းအခွန်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၈-၁၀-၂၀၁၁**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၆၀၀ | ၀. ၀၃၂၃၀ |
| တရုတ် (ယွမ်) | ၆. ၃၇၅၅၀ | ၀. ၁၅၆၈၅ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၃၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၆၀၀ | ၀. ၃၁၆၈၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၈၈၀ | ၀. ၇၆၉၉၄ |
| ဂျပန် (ယန်း) | ၇၆. ၇၁၀၀ | ၀. ၀၁၃၀၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၀. ၅၉ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၇၆၆ | ၁. ၃၃၇၅၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၂၇၆ | ၁. ၅၅၅၈၀ |

အင်တာနက်။

**✳ သိပ္ပံနှင့် နည်းပညာမှ**

လေ့လာသုံးသပ်ပြီး ပြုပြင်ဆောင်ရွက်သင့်သည်တို့ကို အချိန်နှင့်တစ်ပြေးညီ အကြံပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်းဖြင့်လည်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေးတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးခြင်းများအား ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ Scientific Revolution and Paradigm Shift in Medicine ခေါင်းစဉ်ဖြင့် Oration ကို ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာကိုကိုက ဆောင်ရွက်ပြီး မိတ်ဆက်သူအဖြစ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်သည်။ Orator အဖြစ် ပါမောက္ခ ဒေါက်တာမြင့်မြင့်ခင်က ဟောပြောဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား နော်ဝေးနိုင်ငံ Oslo တက္ကသိုလ်မှ Professor Dr. B. Espan သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ဆေးတက္ကသိုလ်များအချင်းချင်း သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ပညာတော်သင်များ စေလွှတ်သင်ကြားရေးကိစ္စ၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် ပညာတော်သင်စေလွှတ်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**✤ ဘိုကလေးမြစ်ကူးတံတားမှ**

၅၈ ဒသမ ၃၃ ရာခိုင်နှုန်းနဲ့ သာပေါင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ၆၆ ဒသမ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပါပြီ” ဟု ရှင်းပြသည်။

ဘိုကလေးမြစ်ကူးတံတားသည် အရှည်ပေ ၃၅၅၃၊ တံတားအကျယ် ၂၈ ပေ၊ ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် ၇၅ တန်၊ ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေနှင့် အကျယ်ပေ ၃၀၀ ရှိ အောက်ခံအုတ်မြစ်အပေါ်ထည် Steel Truss and R.C concrete ဖြစ်ပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်တွင် လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်သည်။





စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာပညာရေးကောလိပ် သတ္တမအကြိမ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာပညာရေးကောလိပ် သတ္တမအကြိမ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာအပ်နှင်းပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၈**

ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာရေး မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝသူများအား တိုက်ရိုက်လုပ်ငန်းခွင်သင်ကြားရေး၊ တာဝန်ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများကို ပညာရေးကောလိပ်များမှ တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးနေခြင်းဖြစ်ပြီး ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစပြီး ဆရာအတတ်သင်သိပ္ပံနှင့် ကျောင်းများကို ပညာရေးကောလိပ်များအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း(DTEd) သင်တန်းများကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစပြီး လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာ (DTEC) သင်တန်းများကိုလည်းကောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး DTEC သင်တန်းအမှတ်စဉ်(၁)မှ ပြီးခဲ့သည့် DTEC (၆/၀၉)အထိ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည့် သင်တန်းဆင်းအင်အား ၂၃၆၃၇ ဦးအား မူလတန်းပြဆရာများအဖြစ် အခြေခံပညာကျောင်းများတွင် ပညာရေးတာဝန်ထမ်းဆောင်စေခဲ့ပြီး မုံရွာပညာရေးကောလိပ် DTEC အမှတ်စဉ်(၇/၁၀)တွင် တက်ရောက်သင်ကြားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးမှ သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၁၈၅ ဦး၊ ချင်းပြည်နယ်မှ သင်တန်းသူ ၄၅ ဦး စုစုပေါင်း သင်တန်းဆင်း ၂၇၉ ဦး အပါအဝင် တစ်ပြည်လုံးတွင် သင်တန်းသား ၃၀၀၊ သင်တန်းသူ ၃၆၃၂ ဦး စုစုပေါင်း ၃၉၃၂ ဦးအား မူလတန်းပြဆရာများအဖြစ် လုပ်ငန်းခွင်ဝင်ရန် အလုပ်ခန့်အပ်လွှာ တစ်ပါတည်းပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် မုံရွာပညာရေးကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် မုံရွာပညာရေးကောလိပ် သတ္တမအကြိမ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့နယ် သာစည်ကျေးရွာအနီးရှိ သာစည်ဆည် ရေဝင်ရောက်နေမှုအခြေအနေ၊ ကျောက္ကာကျေးရွာ ရွှေဂူနီဘုရားရှိ သာသနာ့ဗိမာန်ဆောက်လုပ်နေမှုနှင့် ထန်းဇလုတ်ဆည် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မဟာဝိဇယစေတီ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မဟာဝိဇယစေတီတော် (၁၉)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ) ကျင်းပသွားမည်ဖြစ်ပြီး သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်မည့်အပြင် ပန်းမျိုးစုံဖြင့်လည်း လှူဒါန်းပူဇော်မည်ဖြစ်သည်။

ထို့အပြင် ပွဲတော်ရက် သုံးရက်တွင် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဝတ်အသင်းအဖွဲ့များက ဓမ္မပူဇာတရားဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ညနေ ၆ နာရီမှစ၍ ညစဉ် ဆီမီး(၅၀၀၀)ဖြင့် ပူဇော်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့စခန်းနယ်မြေ မှုခင်းကင်းမဲ့ရက်သတ္တပတ် (CRIME FREE WEEK) စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်ကာလအတွင်း လှုပ်ရှားမှုအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်အောင်က ရပ်ကွက်အတွင်း မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လောင်းကစားမှုများ ပပျောက်ရေးကိုလည်းကောင်း၊ မြို့နယ်မူးယစ်တပ်ဖွဲ့မှူး ရဲအုပ်ကျော်ဆွေဦး **(ယာပုံ)** က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ စခန်းမှူး ရဲအုပ်စောမိုးရွှေက ရပ်ကွက်အတွင်း ဒုစရိုက်မှုများ မဖြစ်ပေါ်စေရန်နှင့် လောင်းကစားမှုများပပျောက်စေရေးတို့ကို အကျယ်တဝင့် ဟောပြောကြကြောင်း သိရသည်။ (၅၆၈)



# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Global Business Link Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် အောက်တိုဘာ ၁၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာကျော်ဝင်းက ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တွံ့ဖက် အထကနှင့် အထက - တော်လတီ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီစံပြကျေးရွာ တွံ့ဖက် အထကနှင့် အထက-တော်လတီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်တွင် အထက-တော်လတီ၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသူများ ဒေါ်ကြည်ကြည်အေး (ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၄၃၁၁၄၇၅၈၊ ဒေါ်စန်းဌေး ဖုန်း-၀၉-၅၀၁၈၅၉၇၊ ဦးသန်းနိုင် ဖုန်း-၀၉-၄၃၀၅၃၂၄၈၊ ဆရာဦးတင်ကြွယ် ဖုန်း-၀၉-၈၆၀၂၁၈၂၊ မန္တဲ့နွဲ့လွင် ဖုန်း-၀၁-၆၄၁၉၀၂ နှင့် ဦးသန်းဆွေတင့် ဖုန်း-၀၉-၅၁၀၉၇၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

# စစ်တောင်းမြစ်နှင့် ဝေန်မြစ်ရေ အခြေအနေ

***နေပြည်တော် အောက်တိုဘာ ၈***

*စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၅၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ(၂ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း။*

*ဝေန်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၁၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

*(သတင်းစဉ်)*

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ “အဘိဓမ္မာနေ့မြတ်အခါ” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၅၁)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၉၃)**
၈း၅၀ လှိုင်သာယာမြို့နယ်ကျောင်း အဆင့်မြင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ
၉း၀၅ Activities In The City
၉း၁၅ ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်
၉း၄၀ Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀း၁၀ ဗီဒီယိုပြခန်း
၁၀း၃၅ ဈေးဝယ်လမ်းညွှန်
၁၁း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ဖလန်း ဖလန်း ဖြစ်တဲ့အချစ်”
၁၁း၃၅ နားလည်မှုမလွဲစေချင် (လူထက်မိုး၊ မေထွဋ်ခေါင်၊ ဇွန်မိုး၊ လင်းဇာနည်ဇော်)
၁၂း၀၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၁၂း၃၀ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
၁း၀၀ “အဘိဓမ္မာနေ့မြတ်အခါ” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၉၃)**
၅း၀၀ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၅၂)**
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ A Journey to the Korea (Part-9)
၈း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၈း၅၅ သွားမယ်စားမယ်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၉၄)**
၁၀း၂၀ ပရိမိယာလိဂ်ရင်ခုန်သံ
၁၀း၃၅ တုန့်ပြန်မှု (ဦးဝင်းမြင့်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art) ]
၁၀း၅၀ ဟိုတယ်လမ်းညွှန်
၁၁း၂၀ တို့ကျေးရွာလယ်တောသာမောဖို့ . . . သိပ္ပံနည်းကျစိုက်နည်းစနစ်ကိုကျင့်သုံးစို့
၁၁း၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (JUE JUE)
၁၂း၀၅ ရမ္မာဝတီသို့ . . . ရွက်လွှင့်ခြင်း
၁၂း၂၅ Celebrity Profile
၁း၀၀ ဇီးအိုရှာနှင့် သဘာဝအင်ကြင်းတော
၁း၁၀ ဗို့တိုင်းဌာနီဧရာဝတီ
၁း၃၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁း၄၀ နေပြည်တော် ကမ္ဘောဇဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ
၂း၀၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၂း၃၀ စုပေါင်းဆင်နွှဲ မင်္ဂလာမြေရဲ့ခြင်းပွဲ
၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၀ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
၄း၂၀ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
၄း၄၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အမေရိကန် မောင်းသူမဲ့လေယာဉ်များကို ကွန်ပျူတာဗိုင်းရပ်စ် ထိုးနှက်တိုက်ခိုက်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံနှင့် အခြားသော စစ်ဖြစ်ပွားနေသည့်နေရာဒေသများ၌ အသုံးပြုနေသော မောင်းသူမဲ့လေယာဉ်များအား အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ရာ၌ အသုံးပြုသည့် စခန်းများတွင် ကွန်ပျူတာဗိုင်းရပ်စ် ထိုးနှက်တိုက်ခိုက်မှု ဖြစ်ပွားနေကြောင်း အမေရိကန်သတင်းဌာနများက အောက်တိုဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**တိုက်ခိုက်**

အမေရိကန်လုပ် 'ပရီဒေတာ'နှင့် 'ရီပါ' မောင်းသူမဲ့လေယာဉ်များ၏ ကွန်ပျူတာစနစ်ပျက်စီးစေရန် ကွန်ပျူတာဗိုင်းရပ်စ်ဖြင့် တိုက်ခိုက်နေကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်ရှိ မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးစခန်းများ၌ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်မှစ၍ ကွန်ပျူတာဗိုင်းရပ်စ် ဝင်ရောက်တိုက်ခိုက်နေသည်ကို ဖော်ထုတ်တွေ့ရှိရသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ လုံခြုံရေးစနစ်ဌာနမှ တာဝန်ရှိသူများသည် အဆိုပါ ကွန်ပျူတာဗိုင်းရပ်စ်ကို ချေမှုန်းနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အခက်အခဲကြီးမားစွာ တွေ့ကြုံကြရသည် ဆို၏။

**ဝင်ရောက်**

နီဗားဒါးပြည်နယ် ခရီးချ်လေတပ်စခန်းရှိ လျှို့ဝှက်ကန့်သတ်အဆင့်ရှိ ကွန်ပျူတာများနှင့် လျှို့ဝှက်အဆင့်မရှိသော ကွန်ပျူတာများတွင်ပါ ဗိုင်းရပ်စ်ပိုးဝင်ရောက်တိုက်ခိုက်နေကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်စစ်ဘက်သည် မောင်းသူမဲ့လေယာဉ်များကို ရန်သူအားထောက်လှမ်းဖော်ထုတ်ရာတွင်လည်းကောင်း၊ချေမှုန်းတိုက်ခိုက်ရာတွင်လည်းကောင်း အသုံးပြုလျက်ရှိသည်။ **ဆင်ဟွာ။**



အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လေတပ်စခန်းရှိ မောင်းသူမဲ့လေယာဉ် ထိန်းချုပ်ရေးစခန်းတစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သို့ အင်ဒိုနီးရှား စားအုန်းဆီ ပိုမိုတင်ပို့ဖွယ်

**ဂျကာတာ အောက်တိုဘာ ၈**

ကမ္ဘာပေါ်တွင် စားအုန်းဆီအများဆုံးထုတ်လုပ်တင်ပို့သော အင်ဒိုနီးရှားနိုင်ငံသည် ပို့ကုန်ဆိုင်ရာ အခွန်ကောက်ယူမှုများကို လျှော့ချလိုက်ပြီးနောက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သို့ စားအုန်းဆီထုတ်ကုန်ကို တိုးမြှင့်တင်ပို့လာနိုင်ဖွယ်ရှိကြောင်း မလေးရှားစက်မှုလုပ်ငန်းသတင်းရပ်ကွက်က အောက်တိုဘာ ၈ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၌ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရန် ကြိုးပမ်းမည်ဟု မျှော်လင့်ရကြောင်း မလေးရှား ဆီအုန်းထုတ်လုပ်ရေးအသင်း၏ အမှုဆောင်အရာရှိချုပ် မိုဟာမက်ဂျာဖားအာမက်က ပြောကြားသည်။

ကမ္ဘာ့အပူပိုင်းဒေသ၌ပေါက်ရောက်သော ဆီအုန်းပင်မှ ထုတ်ယူသောဆီကို ချက်ပြုတ်ရာတွင်လည်းကောင်း၊ ချေးချွတ်ဆေးထုတ်လုပ်ရာတွင်လည်းကောင်း၊ လောင်စာထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။

ယခုနှစ်တွင် စားအုန်းဆီဈေးနှုန်းများမှာ ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယင်းမှာ ဆီအုန်းအထွက်နှုန်း ကောင်းမွန်ခြင်းနှင့် ကမ္ဘာ့စီးပွားရေး နှေးကွေးလာခြင်း၏ အကျိုးဆက်များအရ ဖြစ်သည်။

တစ်ချိန်တည်းတွင် စားအုန်းဆီပို့ကုန်များအပေါ် ကောက်ယူသည့် အခွန်နှုန်းထားများကို ၂၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ရာ ပြည်ပသို့ပိုမိုတင်ပို့ရောင်းချရန် အခွင့်သာစေသည်။ **အင်တာနက်။**



# ထိုင်းနိုင်ငံမြောက်ပိုင်း ရေလွှမ်းမိုးမှုများကြောင့် ၂၅၂ ဦးသေဆုံး၊ ပြည်သူ့ကျန်းမာရေးထိခိုက်

**ဗန်ကောက် အောက်တိုဘာ ၈**

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် နှစ်လကျော်ကြာမျှ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ၂၅၂ ဦးသေဆုံးပြီး လူငါးသိန်းခန့်မှာ စိတ်ကျဝေဒနာခံစားရခြင်းအပါအဝင် ကျန်းမာရေးပြဿနာများကို ခံစားကြရကြောင်း၊ ယခုဖြစ်ပွားသော ရေလွှမ်းမိုးမှုသည် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေဘေးအန္တရာယ်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်၏ ရုပ်မြင်သံကြားမှတစ်ဆင့် အောက်တိုဘာ ၇ ရက် ညပိုင်း၌ထုတ်လွှင့်သော မိန့်ခွန်းတွင် ဖော်ပြသည်။

**ခံစားကြရ**

ထိုင်းနိုင်ငံရှိ ပြည်နယ် ၂၈ ပြည်နယ်တွင် ရေလွှမ်းမိုးမှုကို ပြည်သူ ၂၆၉၆၅၂၁ ဦးထက်မနည်း တွေ့ကြုံခံစားကြရကြောင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဌာနက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်လခန့်က ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိခဲ့ရာမှ သေဆုံးသူဦးရေ ၂၅၂ ဦးအထိ ရုတ်ခြည်းမြင့်တက်လာခဲ့သည်။ ယင်းမှာ ရေဘေးအန္တရာယ်၏ ဆိုးရွားပုံကို ဖော်ညွှန်းလျက်ရှိသည်။

**စိတ်ကျရောဂါခံစား**

ရေလွှမ်းမိုးမှုများကြောင့် ရောဂါဘယများဖြစ်ပွားလျက်ရှိပြီး နာမကျန်းသူ ၅၁၃၈၆၀ ဦးခန့်ရှိကြောင်း၊ ရေဘေးနှင့် ဆက်နွှယ်နေသော နာမကျန်းသူဦးရေမှာ တစ်ရက်လျှင် ၂၀၀၀၀ နှုန်းအထိမြင့်တက်လာကြောင်း၊ ပြည်သူအများအပြားမှာ စိတ်ကျရောဂါကိုခံစားနေကြရကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**



ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# တရုတ်အဝေးပြေးလမ်းမ ယာဉ်တိုက်မှု ၃၅ ဦးသေဆုံး

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံမြောက်ပိုင်း အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ဇိမ်ခံဘတ်(စ်)ကားကြီးတစ်စီးနှင့် အခြားကားတစ်စီးတို့ တိုက်မိကြရာ ကျောင်းသားအများစုအပါအဝင် အနည်းဆုံး ၃၅ဦး သေဆုံးကြောင်း နိုင်ငံပိုင်သတင်းဌာနများက စနေနေ့တွင် ဖော်ပြသည်။

အောက်တိုဘာ ၇ ရက် ညနေပိုင်းတွင် ပေကျင်းမြို့အနီး တီယန်ကျင်းမြို့၌ ရှန်ဒေါင်းပြည်နယ်မှလာသော ကားတစ်စီးက ဇိမ်ခံဘတ်စ်ကားကို ဝင်တိုက်ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၁၉ ဦးရှိသည်ဟု ဆိုသည်။ တိမ်းမှောက်သွားသည့် ဇိမ်ခံဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၅ ဦးလိုက်ပါလာ၍ အများစုမှာ တက္ကသိုလ်ကျောင်းသားများဖြစ်ကြပြီး ခုနစ်ရက်ကြာ ကျောင်းပိတ်ရက်ခံစားပြီးနောက် ကျောင်းသို့ပြန်လာကြခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် တီယန်ကျင်း အဝေးပြေးလမ်းမကြီးကို ပိတ်ထားလိုက်သည်ဟု ဆိုသည်။ **ရိုက်တာ။**

# ဥရောပ၌ ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ရန်စီစဉ်မှု ရုရှားနိုင်ငံ ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်

**မော်စကို အောက်တိုဘာ ၈**

ဥရောပ၌ ဒုံးကျည်ကာကွယ်ရေးစနစ် (ဒုံးခွင်းဒုံးစနစ်) တစ်ရပ်ကို ဖြန့်ကြက်နိုင်ရန် အမေရိကန်၏ လုပ်ဆောင်ချက်မှာ မိမိတို့လက်ခံနိုင်စရာအကြောင်းမရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန် ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ရုရှားသတင်းဌာနများက အောက်တိုဘာ ၈ ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှားအစိုးရအဖွဲ့သည် ဥရောပ၌ ဒုံးခွင်းဒုံးစနစ် တပ်ဆင်ရေးကိစ္စတွင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

ဥရောပ၌ ဒုံးခွင်းဒုံးစနစ်တစ်ရပ် ဖြန့်ကြက်ရေးကိစ္စနှင့် ပတ်သက်၍ မကြာသေးမီက အမေရိကန်နှင့် စပိန်နိုင်ငံတို့ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ခဲ့သည်။

ဥရောပ၌ ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံများအားလုံး၏ သဘောထားဆန္ဒကို ရယူခဲ့ခြင်းမရှိကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

စပိန်နိုင်ငံအနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ရိုတာရေတပ်စခန်း၌ ဒုံးခွင်းဒုံးစနစ်တပ်ဆင်ထားသော စစ်သင်္ဘောလေးစင်းကိုဖြန့်ကြက်ရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင် အမေရိကန်နှင့် စပိန်နိုင်ငံတို့ သဘောတူညီခဲ့ကြသည်။ **ဆင်ဟွာ။**



အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်၌ ကင်းလှည့်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# အာဖဂန်စစ်ပွဲ (၁၀)နှစ်ပြည့်မြောက်ခဲ့သော်လည်း တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်နေရဆဲ

**ဝါရှင်တန် အောက်တိုဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့ကိုချေမှုန်းနိုင်ရန် အမေရိကန်တပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲကာ စစ်ပွဲအတွင်းသို့ ဝင်ရောက်ခဲ့သည်မှာ အောက်တိုဘာ ၇ ရက်တွင် ၁၀ နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမေရိကန်စစ်ဘက်သည် မပြီးဆုံးသေးသော အာဖဂန်စစ်ပွဲတွင် တာလီဘန် စစ်သွေးကြွများကို ဆက်လက်တိုက်ခိုက်နေရဆဲဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အမေရိကန်စစ်လေယာဉ်များသည် အာဖဂန်နစ္စတန်နိုင်ငံကို စတင်တိုက်ခိုက်ခဲ့သည်။ အဆိုပါနေ့ရက်သည် အမေရိကန်နိုင်ငံ သမိုင်းတွင် ကာလအရှည်ကြာဆုံး စစ်ပွဲအတွင်းသို့ စတင်ဝင်ရောက်မှုကို ဖော်ညွှန်းလျက်ရှိသည်။

အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ၂၇ ရက်အကြာတွင် အမေရိကန်တပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံကို လေကြောင်းမှ တိုက်ခိုက်မှုစတင်ပြုလုပ်ခဲ့သည်။

အမေရိကန်စစ်ဘက်က အာဖဂန်နစ္စတန်နိုင်ငံကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံ၏ နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ မြေပြင်စစ်ပွဲကို စတင်ဆင်နွှဲသည်။

**အင်တာနက်။**

# ရေနံယိုဖိတ်မှုကြောင့် ငှက်များသေဆုံးရ

**ဝယ်လင်တန် အောက်တိုဘာ ၈**

နယူးဇီလန်နိုင်ငံပင်လယ်ကမ်းလွန်၌ သောင်တင်မှုဖြစ်ပွားသော ကုန်သေတ္တာတင်သင်္ဘောတစ်စင်းမှ ယိုဖိတ်ခဲ့သည့် ရေနံပြင်အတွင်း ငှက်များသေဆုံးနေသည်ကို တွေ့ရှိရကြောင်း နယူးဇီလန် ပင်လယ်ရေကြောင်းလုံခြုံရေးဌာနက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

"ရီနာ"အမည်ရှိ ကုန်တင်သင်္ဘောသည် အောက်တိုဘာ ၅ ရက်အစောပိုင်းက မြောက်ကျွန်းမှ ရေမိုင် ၁၂မိုင် (၂၂ကီလိုမီတာ)အကွာခန့်တွင် ကျောက်တန်းတစ်ခုနှင့် တိုက်မိပြီး သောင်တင်ခဲ့ရာ ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့သည်။

**အင်တာနက်။**




ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှု တိုးတက်ရေးသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အခြေခံပညာအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှု တိုးတက်ရေးသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှု တိုးတက်ရေးသင်တန်း (Developing The Speaking Skills ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ တက်ရောက် အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် International Language ဖြစ်သည့် English Language ကို အသုံးပြုမှုသာ လွယ်ကူချောမွေ့ထိရောက် အောင်မြင်မည်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာကို ငယ်စဉ်ကျောင်းသားဘဝမှ စ၍ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ Classroom Language ကို တစ်ပတ်လျှင်တစ်ကြိမ် သင်ကြားလေ့ကျင့်ပေးရန် သတ်မှတ်ပေးပြီးဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးနိုင်ရန် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်စာသင်ကြားပေးခြင်းသည် နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ခေတ်မီတိုးတက်သော အတတ်ပညာများကို လေ့လာနိုင်ရေးအတွက်ဖြစ်ကြောင်း၊ မိခင်ဘာသာစကားကို လေးစားမြတ်နိုးတန်ဖိုးထားပြီး အင်္ဂလိပ်ဘာသာရပ်ကို ဆက်သွယ်ရေးကိရိယာအဖြစ် အသုံးပြုနိုင်အောင် လေ့ကျင့်သင်ကြားပေးရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ လယ်ဝေးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ငွေနှင့်ဆန်အိတ်များထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၈**

မိုးသည်းထန်စွာရွာသွန်းပြီး မဒမ်းချောင်းကမ်းပါး ရေတိုက်စားပျက်စီးမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျသောင်းတောင်ကျေးရွာ၊ ကျေးတန်ကူးကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့မှ အိမ်ထောင်စု ၇၀ အား ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူ ၃၂၄ ဦးနှင့် တွေ့ဆုံအားပေးစကား ပြောကြားကြပြီး နေပြည်တော်ကောင်စီက ငွေကျပ်ငါးသိန်းနှင့် ဆန် ၁၅ အိတ်ကို ထောက်ပံ့ကူညီကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျသောင်းတောင်ကျေးရွာ၊ ကျေးတန်ကူးကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့မှ ရေဘေးသင့် အိမ်ထောင်စုများ အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

(သတင်းစဉ်)




**မြိတ်ခရိုင်ရဲတပ်ဖွဲ့ (၄၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)

# မြိတ်ခရိုင်ရဲတပ်ဖွဲ့ (၄၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မြိတ်ခရိုင်ရဲတပ်ဖွဲ့ (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သောသဝဏ်လွှာကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က ဖတ်ကြားသည်။

ထို့နောက် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် ဖမ်းဆီးဖော်ထုတ်ရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များနှင့် ပါဝင်ကူညီဆောင်ရွက်ခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုဆုများကို မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရဲမှုထမ်းဟောင်း အငြိမ်းစားများအား မြိတ်မြို့မ စခန်းမှူး ရဲအုပ်အေးကိုက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန အာစရိယပူဇော်ပွဲကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန ခန်းမ၌ကျင်းပရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက ဦးလူနီ(ပါမောက္ခချုပ်-ငြိမ်း)က အမှာစကားပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီ အသီးသီးကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ၁၉၇၅ ခုနှစ်၊ ၁၉၇၉ ခုနှစ်နှင့် ၁၉၉၂ ခုနှစ် ပညာသင်နှစ်တို့မှ မန္တလေးတက္ကသိုလ် ဓာတုဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေကျပ် ၂၅ သိန်းစီ၊ ရတနာပုံတက္ကသိုလ် ဓာတုဗေဒအသင်းမှ အလှူငွေကျပ် ၂၀၆၇၅၀၀နှင့် ၁၉၈၂-၈၆ ပညာသင်နှစ် မန္တလေးတက္ကသိုလ် ဓာတုဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေကျပ် သိန်း ၂၀ တို့ကို နာယက ဦးလူနီ(ပါမောက္ခချုပ်-ငြိမ်း)ထံ ပေးအပ်လှူဒါန်းကြကြောင်းနှင့် မန္တလေးတက္ကသိုလ် ဓာတုဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန ဌာနမှူး ပါမောက္ခထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# စက်တင်ဘာ မီးလောင်ဆုံးရှုံးမှု

**ရန်ကုန် အောက်တိုဘာ ၈**

စက်တင်ဘာလအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု ၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး ၂၆ ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ၁၁ ကြိမ်၊ မသမာသူ ရှို့မီးတစ်ကြိမ်ပါဝင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၅၃ လုံး၊ ဂိုဒေါင်တစ်လုံး မီးလောင်ခံရကာ မီးဘေးဒုက္ခသည် ၂၀၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုတွင် ပါဝင်သရုပ်ဆောင်မည့် ကိုရီးယားအဆိုတော် ဆန်ဒမ်ဘီ

**ကိုရီးယားအဆိုတော် ဆန်ဒမ်ဘီက လာမည့်ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် မင်းသားအန်ဂျေဝုခ်နှင့်အတူ တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း iMC ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ဖော်ပြောကြားသည်။**



iMC ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားရာ၌ အဆိုတော် ဆန်ဒမ်ဘီ **(ယာပုံ)** က Light and Shadow ရုပ်သံဇာတ်လမ်းတွဲတွင် ဂီတဖျော်ဖြေရေးအဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင် အဆိုတော်ယွန်ချေယောင်အဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် သူမ၏ အောင်မြင်မှုနှင့် ပတ်သက်၍ ကျေနပ်ရောင့်ရဲနိုင်ခြင်းမရှိဘဲ အောင်မြင်မှုများ၏ ဖိအားပေးမှုများကို ခံစားနေရသူအဖြစ် သရုပ်ဆောင်သွားမည်ဟု ဆိုသည်။

အဆိုတော် ဆန်ဒမ်ဘီက "ဒီဇာတ်လမ်းတွဲမှာ ကျွန်မက အဆိုတော်တစ်ယောက်အဖြစ် သရုပ်ဆောင်ရမှာပါ။ ကျွန်မရဲ့တကယ့်လက်တွေ့ အဆိုတော်ဘဝအတွေ့အကြုံတွေက ကျွန်မရဲ့ သရုပ်ဆောင်စရိုက်ကို ပေါ်လွင်အောင် အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မရဲ့ သရုပ်ဆောင်စရိုက်နဲ့ အဆိုတော်ဘဝကို ဖော်ထုတ်ပြသရမယ့် ဒီအခွင့်အရေးကို အကောင်းဆုံး ဖြစ်အောင်ကြိုးစားသွားမှာပါ"ဟု ထုတ်ဖော်ပြောကြားသည်။

ရုပ်ရှင်ထုတ်လုပ်ရေး တာဝန်ရှိသူတစ်ဦးက သရုပ်ဆောင်၊ အဆိုတော် စရိုက်နှစ်ခုကို ယှဉ်တွဲသရုပ်ဆောင်ရန် အဆိုတော် ဆန်ဒမ်ဘီသာ အသင့်တော်ဆုံးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အသက်(၂၈)နှစ်ရှိ ဆန်ဒမ်ဘီသည် ၂၀၀၇ ခုနှစ်ကတည်းက အနုပညာလောကသို့ ရောက်ရှိလာသူဖြစ်ပြီး ကိုရီးယားနိုင်ငံတွင် လူကြိုက်အများဆုံး အဆိုတော်တစ်ဦး ဖြစ်သကဲ့သို့ ၂၀၀၉ ခုနှစ်ကလည်း အကစ်ဘီအကစ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သော Dream ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ***အင်တာနက်။***

# အမေရိကန်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင်ဖြစ်လာသူ ရှာကီရာ

**ကမ္ဘာကျော် ပေါ့ပ်ဂီတကြယ်ပွင့် ရှာကီရာသည် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ လက်တင်အမေရိကလူမျိုးများဆိုင်ရာ ပညာရေးအကြံပေးကော်မရှင် အဖွဲ့ဝင်ဖြစ်လာကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။**

ကိုလံဘီယာပေါ့ပ်စတားရှာကီရာ **(ယာပုံ)**ကို သမ္မတအိုဘားမားက ၎င်း၏ လက်တင်အမေရိကလူမျိုးများ ဆိုင်ရာ ပညာရေးအကြံပေးကော်မရှင်၊ အဒရိန်းပီဒိုဇာနှင့် အာရီဇိုးနားရှိ စာသင်ကျောင်းများ၏ ခရိုင်ကြီးကြပ်ရေးမှူး ကတ်ပီဆရီဘန်နာနှင့်အတူ ပညာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အကြံပေးအဖွဲ့ဝင် ဖြစ်လာခြင်းနှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုလိုက်သည်။



အောက်တိုဘာ ၆ ရက်က ဝါရှင်တန်တွင် ပြုလုပ်သော အခမ်းအနားတွင် သမ္မတအိုဘားမားက မိမိတို့နိုင်ငံ၏ အရေးကြီးသည့်ကာလတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ နာမည်ကျော်ကြားမှုရှိသူများက ၎င်းတို့၏ ပါရမီရှင်အစွမ်းအစများကို အမေရိကန်ပြည်သူများအတွက် စွမ်းဆောင်ပေးရန် ရွေးချယ်ဆုံးဖြတ်ခဲ့ခြင်းကို ဝမ်းမြောက်ပါကြောင်း၊ အနာဂတ် ကာလတွင် ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည်ကို ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ရှာကီရာသည် သမ္မတအိုဘားမား၏ ပညာရေးအကြံပေးအဖွဲ့ဝင် တစ်ဦးအဖြစ်သာမက ဇာတိမြေတွင်လည်း Barefoot Foundation ကို တည်ထောင်၍ ပညာရေးလှုပ်ရှားမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဟေတီနိုင်ငံနှင့် တောင်အာဖရိကရှိ ကျောင်းသားလူငယ်များအတွက် အာဟာရရှိစေရန် အစားအသောက်များ ထောက်ပံ့လှူဒါန်းခဲ့သကဲ့သို့ ပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့သူဖြစ်သည်။ ***အင်တာနက်။***

**အောဝမ်းစိုး**

# သမဝါယမအသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၈

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းပပျောက်ရေး သမဝါယမအသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြင်းကျဒိုးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်တောင်ပိုင်း အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်မြတ်ခိုင်က စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ကျေးရွာပေါင်းကိုးရွာမှ သမဝါယမအသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ရာတွင် စိုက်ဧက ၂၆၂ ဧက အသင်းဝင် ၁၅၀၊ ချေးငွေ တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းချေးငွေ ကျပ် ၁၃၁ သိန်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ မြတ်တောင်လေးလုံးလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ တောင်လေးလုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဥမှင်ကျေးရွာ၊ ဘုရားငါးဆူကျေးရွာနှင့် ရေနွေးကျေးရွာတို့မှ တောင်သူလယ်သမားများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဖက်နံကျေးရွာ၊ ဘုရားနီးကျေးရွာနှင့် သရက်ပင်ကျေးရွာတို့မှ တောင်သူလယ်သမားများအား ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း၊ တောင်ဦးကျေးရွာ၊ တောင်ခြေကျေးရွာနှင့် တောင်လေးလုံးရှိ လမ်းစောင်းကျေးရွာတို့မှ တောင်သူများအား ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးကလည်းကောင်း စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်သူအသင်းသားများအား ချေးငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ မြတ်တောင်လေးလုံး လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား လယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေမှာ ငွေကျပ် ၅၃၉ သိန်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ ရှမ်းပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ

## ဘားအံမြို့ မြိုင်ကလေးကျေးရွာအနီးရှိ စံပြစိုက်ခင်း ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် စက်တင်ဘာ ၂၉ ရက်တွင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘားအံ၊ လှိုင်းဘွဲ့နှင့် ကော့ကရိတ်မြို့နယ်များမှ တောင်သူများသည် ဘားအံမြို့ ဗဟိုစိုက်ပျိုးရေးခြံအတွင်း သိပ္ပံနည်းကျ စိုက်ပျိုးစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ဆင်းသုခစပါးမျိုးသန့် စိုက်ခင်းကို ကွင်းဆင်းလေ့လာကြည့်ရှုကြရာ စိုက်ပျိုးရေး တာဝန်ခံဝန်ထမ်းများက ပျိုးထောင်နည်း၊ စိုက်ပျိုးနည်းစနစ်၊ သဘာဝမြေဩဇာကို အချိန်နှင့်ကိုက်ညီစွာ အချိုးကျကြဲပက်ပေးခြင်း စသည့်နည်းပညာဆိုင်ရာများကို ရှင်းလင်းပြသကြသည်။

**ပညာပေးဟောပြော**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိုင်ကလေးစံပြကျေးရွာအနီး တောင်သူဦးမြင့်သိန်း၏ ဖြစ်ထွန်းအောင်မြင်နေသော ရတနာတိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုလေ့လာကြသည်။ ထို့နောက် ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ တောင်သူများအား ပညာပေးဟောပြောပွဲ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစောခရစ္စတိုဖာက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းက သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေး တာဝန်ခံ ဦးခွန်မောင်မောင်က စပါးဖျက်ခရု စုပေါင်းကာကွယ်နှိမ်နင်းခြင်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ကွင်းဆင်းကြည့်ရှု**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိုင်ကလေး စပါးမျိုးသန့်မျိုးစေ့ထုတ်ဇုန်(ဧက -၁၀၀) ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဆင်းသုခ၊ ရတနာတိုးနှင့် အထူးအထွက်တိုး စပါးစိုက်ခင်းများနှင့် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာရှိ တောင်သူဦးရာမူး၏ ဖြစ်ထွန်းအောင်မြင်နေသည့် အထူးအထွက်တိုး စပါးစိုက်ခင်းတို့ကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၃၀ ရက်တွင် ဘားအံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပသည့် သူနာပြုသင်တန်း အပတ်စဉ်(၁၆) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှု ၁၅၆ မှု တရားခံ ၂၂၉ ဦး ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၅၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၁ မှု (အလေးချိန် ၄ ဒသမ ၉၅၀၉ ကီလို)၊ ဘိန်းဖြူ ၃၈ မှု (အလေးချိန် သုည ဒသမ ၁၂၂၁ ကီလို)၊ ဘိန်းဆီ ၁၀ မှု (အလေးချိန် သုည ဒသမ ၇၆၂၄ကီလို)၊ အဆင့်နိမ့်ဘိန်း ခုနစ်မှု (အလေးချိန် ၁ ဒသမ ၅၀၈၄ ကီလို)၊ ဆေးခြောက် ၁၀ မှု (အလေးချိန် ၂ ဒသမ ၀၈၃၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉ မှု (၇၀၃၁၀၀ ပြား)၊ ဘိန်းစာမှုန့် ခုနစ်မှု (အလေးချိန် ၇ ဒသမ ၉၄၁ ကီလို)၊ ဘိန်းရည် (အလေးချိန် သုည ဒသမ ၀၈ လစ်တာ)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၈ ကီလို)၊ ကေဖင်း တစ်မှု (အလေးချိန် ၅၁၅ ကီလို)၊ ဆူဒိုအက်ဖီဒရင်း ၂ မှု (အလေးချိန် ၁၇၀ ကီလို)၊ စိတ်ကြွဆေးအကြေမှုန့် (အလေးချိန် သုည ဒသမ ၅၆၅၉ကီလို) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၁၅၆ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၁၉၁ ဦး၊ မ ၃၈ ဦး စုစုပေါင်း တရားခံ ၂၂၉ ဦး တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျိုက္ကမိရောမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် မအူပင်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

# သွားနှင့် ခံတွင်းကျန်းမာရေး ကုသိုလ်ဖြစ် ကုသ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်းမှ အသင်းဝင်ဆရာဝန်များ၊ သူနာပြုများပါဝင်သော သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမဘုန်းတော်ကြီးကျောင်းရှိ အာယုပါလကုသိုလ်ဖြစ်ဆေးခန်း၌ သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ကုသိုလ်ဖြစ် စစ်ဆေးကုသပေးကြသည်။

အဆိုပါ အာယုပါလကုသိုလ်ဖြစ်ဆေးခန်း၌ အထွေထွေရောဂါစစ်ဆေးကုသခြင်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း သံဃာတော်များ၊ သာမဏေနှင့် သီလရှင်များအား ကုသိုလ်ဖြစ် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ကိုချစ်)

# ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်

**ရန်ကုန် အောက်တိုဘာ ၈**

တာမွေမြို့နယ် သာသနာနုဂ္ဂဟအသင်း၏ ဦးဆောင်မှုဖြင့် ယဉ်ကျေးလိမ္မာသင်တန်း (၁/၂၀၁၁) ကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် အထက(၂)နှင့် အလက(၁)တို့၌ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

“ယဉ်ကျေးလိမ္မာသင်တန်းကို တစ်ပတ်မှာ သောကြာနေ့ တစ်ရက်၊ တစ်ရက်ကို နှစ်နာရီ သင်ကြားပေးပါတယ်။ သင်တန်းအမည်အတိုင်း ယဉ်ကျေးတဲ့ကလေးတွေ၊ လိမ္မာရေးခြားရှိတဲ့ ကလေးတွေ ဖြစ်လာစေဖို့ ရည်ရွယ်ပါတယ်။ နောက်ထပ်သင်တန်းတွေ ဖွင့်သွားဖို့လည်း စီစဉ်ထားပါတယ်” ဟု မြို့နယ်သာသနာနုဂ္ဂဟအသင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

(ကိုကြီးသာ)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်(ဒုတိယတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၈း၅၀ ၉။ International News
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရဲစုံထောက်ဘတ်ဂျောင်ဂွန်း” (အပိုင်း-၁၃)**
၁၂း၂၀ ၅။ **မြန်မာရုပ်ရှင် “တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ တင်တင်ညို) (ဒါရိုက်တာ-ဦးသုခ)**
၁း၅၅ ၆။ ဝါကျွတ်တေးများ
၂း၀၅ ၇။ “ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမြင့်မားနေမှုတို့ရှေးရှု”
၂း၁၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၂း၃၀ ၉။ အတီးပြိုင်ပွဲ
၂း၅၀ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ ဝါကျွတ်တေးများ
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအရေးအသား အထူးပြုများ) (အရှေ့တိုင်းပညာ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၆။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း)အဆင့်] (အမျိုးသမီး)
၅း၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် “ရေငုပ်သမားလေးအိုလီ” (အပိုင်း-၁၃)**
၆း၄၀ ၁၁။ တစ်မျက်နှာ တစ်ကွက်စာ “အတ္တပရိဂ္ဂဟ” (ဒုတိယပိုင်း) (မင်းသူ၊ ချစ်စနိုးဦး) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နတ်ရေးငယ်တဲ့ ရွှေဖူးစာ” (အပိုင်း-၂၂)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ အနောက်တောင်မုတ်သုံ ရာသီလေဆုတ်ခွာပြီးနောက် မြန်မာနိုင်ငံ၏ မိုးလေဝသ အခြေအနေ
၁၇။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၈။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ) (အပိုင်း-၅၆)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိလေသော ရုပ်သံလွှင့်မှူး” (အပိုင်း-၁၆)**
၂၀။ အစီအစဉ်ပြီး၏။

# အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၁၁ ခုနှစ် (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့)တွင် အထက(၃)ဗိုလ်တထောင် သစ္စာခန်းမ(သစ်သားကျောင်းဆောင်)၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်ပြီး ယခင်နှစ် ပူဇော်ကန်တော့ပွဲများတွင် ပါဝင်ခြင်းမရှိသေးသည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။

အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများ ကျောင်းသားဟောင်းများဖြစ်သည့် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၆၃၂၂၃၊ ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀၆၇၀၃၀၊ ဦးနေဝင်း ဖုန်း-၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၉၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁၈၅၂၂၈၊ ဦးညွန့်မောင် ဖုန်း-၀၉-၅၀၉၂၃၉၁၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဒေါ်မြမြသန်း ဖုန်း-၅၈၄၇၈၅၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လဲ့လဲ့ဝင်းဟန် ဖုန်း-၀၉-၅၀၀၆၈၄၃၊ ဦးကျော်မြ ဖုန်း-၀၉-၈၅၀၂၂၇၉၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇နှင့် ကိုသန့်ဇော် ဖုန်း-၀၉-၅၁၁၄၇၅၇ တို့သို့ ဆက်သွယ်နိုင်သည်။

(ကြေးမုံ)

# အသက်မွေးမှု အတတ်ပညာသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သူအများစုသည် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ လျှောက်ထားပညာသင်ယူကြသည်။

အကြောင်းအမျိုးမျိုးကြောင့် အချို့လူငယ်၊ လူရွယ်များသည် အထက်တန်းပညာပြီးဆုံးအောင် မသင်ယူနိုင်သည်ကိုလည်း တွေ့ရသည်။ အခက်အခဲအမျိုးမျိုးရှိသည့် လူငယ်များ အသက်မွေးမှုပညာများကို သင်ယူနိုင်ရန် အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းက တစ်ဖက်တစ်လမ်းက ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း (Center for Vocational Training-CVT) နှင့် စပ်လျဉ်း၍ သင်တန်းကျောင်းအုပ် ဒေါ်ယဉ်ယဉ်အေးက အောက်တိုဘာ ၄ ရက်တွင် စာနယ်ဇင်းများအား တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့သည်။

CVT တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သင်တန်းများမှာ စီးပွားရေးပညာ အထောက်အကူပြု သင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှု ပညာသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာသင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ အတတ်ပညာသင်တန်းနှင့် သတ္တုပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်းတို့ဖြစ်ပြီး သင်တန်းကာလမှာ သုံးနှစ်ဖြစ်၍ အရည်အသွေးအဆင့်အတန်းမြင့်မားသော သင်တန်းများဖြစ်ကြောင်း သိရသည်။

သင်တန်းကျောင်းအုပ် ဒေါ်ယဉ်ယဉ်အေးက"CVT ရှိ သင်တန်းအသီးသီးကို နှစ်စဉ် မေလပထမပတ်တွင် ဖွင့်လှစ်ပါကြောင်း၊ ဝင်ခွင့်လျှောက်လွှာများကို နှစ်စဉ်ဇန်နဝါရီလမှ မတ်လအတွင်း ထုတ်ယူလျှောက်ထားနိုင်ပါကြောင်း၊ သင်တန်းအသီးသီးကို စာတွေ့ရော လက်တွေ့ပါ သင်ကြားပေးပြီး သင်တန်းအားလုံး အခမဲ့သင်တန်းများဖြစ်ပါကြောင်း၊ အသက်မွေးမှု အကြိုသင်တန်းတွင် အထက်တန်းကျောင်းပညာ ဆက်လက် မဆည်းပူးနိုင်သော အသက်(၁၄) နှစ်အရွယ် လူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ လေးနှစ်ဖြစ်ပြီး သင်တန်းများပြီးလျှင် ကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများနှင့် ဌာနဆိုင်ရာများ၌ အလုပ်သင်ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း"ရှင်းပြသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဆောက်အအုံ တတိယထပ်၌ အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း(CVT)ကို ဖွင့်လှစ်ထားရာ သင်တန်းများနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

# မြန်မာနိုင်ငံ၌ ဇီဝမျိုးစုံမျိုးကွဲများ အများအပြားရှိ သုတေသနပြုလုပ်နိုင်မှု အားနည်းနေသေး

**ရန်ကုန် အောက်တိုဘာ ၈**

ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် မြန်မာနိုင်ငံ၌ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော်လည်း သုတေသနပြုလေ့လာဖော်ထုတ်နိုင်မှုအပိုင်း၌ အားနည်းနေကြောင်းသိရသည်။

"လေ့လာ၊ သုတေသနပြုတဲ့အပိုင်းမှာ တော်တော်လေး အားနည်းနေသေးပါတယ်။ မှတ်တမ်းမတင်ရသေးတဲ့ မျိုးစိတ်တွေဆိုရင် အများကြီးပါပဲ" ဟု မြန်မာနိုင်ငံငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကမ္ဘာပေါ်တွင် ဝင်ရိုးစွန်းဒေသများ၌ရှိသော ဇီဝမျိုးစုံမျိုးကွဲများထက် အီကွေတာနှင့်နီးသော ဒေသများတွင် ပိုမိုပေါကြွယ်လေ့ရှိခြင်းကြောင့် မှတ်တမ်းမတင်ရသေးသော ဇီဝမျိုးစုံမျိုးကွဲများကို မြန်မာနိုင်ငံတွင် လေ့လာနိုင်ရန် အခြေအနေကောင်းများ ရှိနေကြောင်းသိရသည်။

"ငှက်မျိုးစိတ်တွေထဲမှာဆိုရင် တခြားနိုင်ငံမှာမရှိဘဲ မြန်မာနိုင်ငံမှာပဲရှိတဲ့ မျိုးစိတ်တွေ အများကြီးရှိတယ်၊ လေ့လာဖော်ထုတ်တဲ့အပိုင်းမှာ အားနည်းနေတော့ ဒါတွေကို တိတိကျကျ မလုပ်နိုင်သေးတာတွေရှိတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ လတ်တလော သုတေသနပြု ကောက်ယူထားသော စာရင်းများအရ ဆွေ့၊ နဖားကြူး၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ မြန်မာဘီလုံး၊ ငှက်မင်းသား ဝမ်းဖြူ၊ Burmese Tit တို့မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ မရှိဘဲ မြန်မာနိုင်ငံ၌သာ တွေ့ရှိရသော ဒေသမျိုးစိတ်များ ဖြစ်သည်ကို တွေ့ရှိနိုင်ခဲ့ခြင်းဖြစ်သလို ဆက်လက်ရှာဖွေကာ သုတေသနများပြုလုပ်နိုင်ပါက ထပ်မံတွေ့ရှိနိုင်သည့် အနေအထားများ ရှိနေသေးကြောင်းသိရသည်။

(ဖြဝ)



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန်ရေလျှံ ကန်ပတ်လမ်းအား ယာယီပိတ်ထားရ

**မိတ္ထီလာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မြောက်ကန်ရေလျှံတက်ရာ မြို့အနောက်ဘက်နန်းတော်ကုန်းရပ်ကွက်နှင့် မြို့အရှေ့ဘက် ဈေးအရှေ့ပြင်ရပ်ကွက်နယ်မြေအား ဆက်သွယ်ဖောက်လုပ်ထားသည့် ကန်ပတ်လမ်းပေါ်တွင် ကန်ရေများ ဖုံးလွှမ်းသွားသောကြောင့် ၎င်းကန်ပတ်လမ်းပေါ်တွင် ဖြတ်သန်းသွားလာခွင့်ကို သက်ဆိုင်ရာမှ ယာယီတားမြစ်ထားကြောင်း သိရသည်။**(အပေါ်ပုံ)**

'ဒီတစ်ခါ ရေလျှံတာ တော်တော်များတယ်ပြောရမယ်၊ ပြီးခဲ့တဲ့နှစ် မေလနှောင်းပိုင်းတုန်းကလည်း မိုးများပြီး မြောက်ကန်ရေလျှံတက်တယ်ဆိုပေမယ့် လမ်းပိတ်ထားရလောက်တဲ့အထိ မများဘူးလေ။ ဒီနှစ် မိုးနှောင်းနောက်ကျပြီးမိုးက နေ့စဉ်လိုရွာနေတာ လဆန်းတစ်ရက်နေ့ကတည်းကပဲ။ နေ့စဉ်ရွာပြီး မိုးမှာတစ်နေ့တာလုံးနီးပါး ရွာသွန်းမှုကြောင့် မြောက်ကန်နှင့် ဆက်စပ်ရှိနေတဲ့ နန်းတော်ကုန်းရပ်ကွက်နေအိမ်တချို့နဲ့ လမ်းတချို့ ကန်ရေဝင်ရောက်မှုရှိပါတယ်။

"မိတ္ထီလာမြောက်ကန်က ကောနေပါပြီ။ မိုးများတိုင်း မြောက်ကန်ရေလျှံတာပဲ။ ပုံမှန်အတိုင်းဆို တောင်ကန်က အမြင့်ပိုင်းကျတယ်။ တောင်ကန်ကရေလွှတ်မှ မြောက်ကန်ထဲရေဝင်ရောက်တာ။ အခုလို မိုးများရေလျှံတဲ့အခါတိုင်း မြောက်ကန်ဘက်ကရေက တောင်ကန်ဘက်ကို ပြန်စီးနေတယ်။ ကန်ကတဖြည်းဖြည်းကောသထက်ကောလာပြီး နောက်ဆို လုံးဝကောသွားနိုင်တဲ့ အန္တရာယ်ရှိတယ်။ နွေရောက်လို့ ကန်ရေခန်းချိန်မှာ ဖြည်းဖြည်းချင်း ပြန်လည်ဆယ်ဖို့ပြီး ကန်ကို ပြုပြင်မယ်ဆိုရင်တော့ ကန် ရေရှည်တည်တံ့ခိုင်မြဲဖို့ အထောက်အကူဖြစ်မှာပဲ။ တောင်ကန်ရော မြောက်ကန်ရော ဒေသခံတွေအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေရရှိနေတဲ့ ရေအရင်းအမြစ်တွေပါ။ တောင်ကန်က တောမ၊ ထမုန်ကန်၊ ညောင်ကိုင်း၊ ခင်လူး၊ မောက်လောက် စတဲ့ရွာတွေအတွက် စိုက်ပျိုးရေပေးဝေသလို မြောက်ကန်ကလည်း ဇောင်ချမ်းကုန်း၊ ရှမ်းတဲ၊ ကဖြူ၊ မကျီးစုစတဲ့ ကျေးရွာတွေအထိ စိုက်ပျိုးရေပေးဝေရာမှာ အဓိကကျတဲ့ ရေအရင်းအမြစ်ရရှိရာနေရာဖြစ်ပါတယ်။ မြောက်ကန်ကောခဲ့ရင် မြောက်ကန်ရေသောက် စိုက်ပျိုးမြေတွေလည်း စိုက်ပျိုးရေကို ရရှိနိုင်မှာမဟုတ်တော့ပါဘူး။ မိတ္ထီလာကန် ပြန်လည်ဆယ်ဖို့ ပြုပြင်ဖို့ မျှော်လင့်မိပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ဆိုသည်။

(ဉာဉ)

# (၂၇၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ ထီဆိုင်ကြီးများ အပိုဆုငွေချီးမြှင့်ခြင်းမပြု၊ ထီလက်မှတ်ရောင်းဈေးများ ကျဆင်း

**ရန်ကုန် အောက်တိုဘာ ၈**

နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၄) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစတင်၍ ထီအရောင်းဆိုင်ကြီးများမှ အပိုဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းမပြုတော့ကြောင်း ထီဆိုင်ကြီးများမှ သိရသည်။ အပိုဂုဏ်ပြုဆုငွေများ ချီးမြှင့်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဥပဒေပညာရှင်များက ထောက်ပြဝေဖန်သုံးသပ်မှုများ ရှိနေခြင်းကြောင့် အပိုဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခြင်းမပြုတော့ခြင်းနှင့်အတူ ထီလက်မှတ်ရောင်းဈေးများလည်း ပြန်လည်ကျဆင်းမှုများရှိခဲ့သည်။

အောင်ဘာလေ ထီလက်မှတ်တစ်စောင်သည် အစိုးရထုတ်ဈေး ကျပ် ၂၀၀ ဖြစ်ပြီး ပြင်ပတွင် တစ်စောင် ၃၅၀ ကျပ်၊ ရောင်းအားကောင်းသောလများနှင့် လကုန်ရက်များတွင် ၄၀၀ ကျပ်အထိ မြင့်တက်ခဲ့ပြီး အောင်ဘာလေထီ ကံစမ်းသူ အများပြည်သူမှာ ထီလက်မှတ်ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်နေကြရသည်ဟု သိရသည်။

အောင်ဘာလေထီ အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများကလည်း အပြိုင်အဆိုင် အပိုဆုငွေများကို ချီးမြှင့်ခဲ့ကြပြီး ယခုနောက်ဆုံးကျပ်သိန်း ၁၀၀၀ ဆုကြီးကို ကျပ်သိန်း ၅၀၀ ထပ်ဆောင်း အပိုဆုချီးမြှင့်ခဲ့ကြသည်။ ထီလက်မှတ်ဈေးနှုန်းများ ကြီးမြင့်နေခြင်း၊ ထီလက်မှတ် ဈေးကစားခြင်းနှင့် အပိုဆုငွေများ ချီးမြှင့်နေခြင်းကို ဥပဒေပညာရှင်များက ဝေဖန်သုံးသပ်ခဲ့ကြပြီး လွှတ်တော်တွင်လည်း ထည့်သွင်းဆွေးနွေးသွားသောကြောင့် ယခုအခါ ထီအရောင်းကိုယ်စားလှယ်ဆိုင်ကြီးများအားလုံးသည် အပိုဆုငွေများ ချီးမြှင့်ခြင်း မပြုကြတော့ဘဲ ထီတစ်စောင်လျှင် ကျပ် ၂၅၀ ဝန်းကျင်ခန့်ဖြင့် ရောင်းချလျက်ရှိကြောင်း အောက်တိုဘာလဆန်းပိုင်းတွင် စုံစမ်းသိရှိရသည်။

"ယခု အပိုဆုတွေ မပေးတော့ဘူးဆိုတော့ ထီပေါက်သူတွေ နစ်နာတယ်လို့ ထင်ရပေမယ့် ဒါက တရားမှ မဝင်တာ။ နောက်ပြီး ထီလက်မှတ်ဈေးနှုန်းတွေက မဖြစ်သင့်ဘူးလေ။ တကယ်တမ်းတွက်ကြည့်ရင် ထီထိုးသူတွေ အများကြီးနစ်နာရတာပေါ့။ အခုလည်း အပိုဆုတွေ မပေးတော့ဘူးလို့ဆိုတော့ ထီရောင်းဈေးက တစ်စောင်ကို ၂၅၀ ကျပ် ဖြစ်သွားတယ်။ တကယ်ဆို ဒီထက်လျော့ကျသင့်တယ်။ ထီတစ်စောင်ကို ဘယ်လောက်တင်မှာလဲ။ ထီ ၁၀ စောင်မှာ အပိုတစ်စောင်ပါတယ်။ ထီကိုယ်စားလှယ်ကြီးတွေ မရှုံးပါဘူး။ သူတို့ကတစ်ဆင့် ဆိုင်တွေကို ဖြန့်ကတည်းက ဈေးက ထပ်တင်ထားတာပါ။

တစ်ဆင့် ယူရောင်းတဲ့ဆိုင်တွေရယ်၊ ထီထိုးသူတွေရယ်ပဲ ဝန်ပိတာပါ" ဟု ရန်ကုန်မြို့ခံတစ်ဦးက ဆိုသည်။ (ဝဝ၁)

# လူကုန်ကူးမှုတိုက်ဖျက်ရေး ဒုတိယငါးနှစ်စီမံကိန်း စတင်ရေးဆွဲ

**နေပြည်တော် အောက်တိုဘာ ၈**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယငါးနှစ်စီမံကိန်း ၂၀၁၂-၂၀၁၆ ကို စတင်ရေးဆွဲနေပြီဟု လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခု ပထမငါးနှစ်စီမံကိန်း ၂၀၀၇-၂၀၁၁ ၏ ပဉ္စမနှစ်စီမံကိန်းကို ဆောင်ရွက်နေပြီဖြစ်ရာ ဒုတိယငါးနှစ်စီမံကိန်းကို ခြောက်နှစ်ကျော်ကာလ အတွေ့အကြုံများကို လေ့လာသုံးသပ်၍ ရေးဆွဲသွားမည်ဟု သိရသည်။

လူကုန်ကူးမှုများ ကျူးလွန်ခဲ့ကြရာတွင် လိင်မှုဆိုင်ရာ အသုံးချရန်အတွက် ကျူးလွန်ခဲ့ကြရာမှ နောက်ပိုင်းတွင် အဓမ္မလုပ်အားခိုင်းစေရန်၊ အဓမ္မထိမ်းမြားလက်ထပ်ရန်၊ အဓမ္မတောင်းရမ်းစေခိုင်းရန်၊ အိမ်ဖော်လုပ်ငန်း အသုံးပြုရန်၊ ကလေးသူငယ်လူကုန်ကူးရန်ဟူသော ပစ်မှတ်များထားရှိလာကြသည့်အတွက် ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် စီမံချက်များ ရေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာအပါအဝင် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ၂၀၀၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ကုလသမဂ္ဂလူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာရေးသားသူက ကမ္ဘာပေါ်တွင် စံပြုထိုက်သော မဲခေါင်ဒေသ၏ ဆောင်ရွက်မှုကို ဂုဏ်ပြုချီးကျူးခဲ့ပြီး မြန်မာနိုင်ငံကိုလည်း ဒေသတွင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်နေသည့် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပြီး ပြည်တွင်းရှိ အစိုးရဌာန ၁၇ ခု၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းကိုးခုတို့ဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

(ဆုနှင်းလှဲ့)

# ကလေးဒေသနှင့် ချင်းတောင်တန်း၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ သုံးစွဲလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ကလေးမြို့နှင့် ချင်းတောင်တန်းတို့၌ ဒေသခံတိုင်းရင်းသားပြည်သူများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်လျှပ်စစ်တို့ကို နေရာအနှံ့အပြားတွင် သုံးစွဲနေကြသည်။

ကလေးမြို့နှင့် ချင်းတောင်တန်းတွင် နေထိုင်ကြသော ဒေသခံပြည်သူများသည် အိမ်နှင့် ဆိုင်ပတ်ဝန်းကျင်၌ သဘာဝအလျောက်စီးဆင်းနေသော ချောင်းငယ်များတွင် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ရရှိအောင် တီထွင်ကြံဆထုတ်ယူသုံးစွဲကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဝင်ရောက်လာသည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့်လည်း လျှပ်စစ်ထုတ်ယူသုံးစွဲနေကြရာ အဆင်ပြေလျက်ရှိသည်။

ရေအားလျှပ်စစ်များကို ၁၀ ကီလို၊ ၂၀ ကီလိုအထိ ထုတ်ယူသုံးစွဲနိုင်ကြပြီး နေရောင်ခြည်သုံး ဆိုလာပြားများကိုလည်း အရွယ်အစားအမျိုးမျိုး သုံးစွဲလျက်ရှိကြောင်း သိရသည်။

(ကိုကြီးသာ)



# ကမ္ဘာ့လက်ဆေးနေ့ အကြိုလှုပ်ရှားမှုများပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၁၅ ရက်သည် ကမ္ဘာ့လက်ဆေးနေ့ (Global Hand Washing Day) ဖြစ်သည်။ ကမ္ဘာ့လက်ဆေးနေ့ အထိမ်းအမှတ်အဖြစ် လက်သန့်ရှင်းခြင်း၏ အကျိုးကျေးဇူးများ ဟောပြောခြင်း၊ လက်သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ကျောင်းများ၌ ပြုလုပ်ကြသည်ကို တွေ့ရသည်။ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Social Vision Services ကလည်း ကမ္ဘာ့လက်ဆေးနေ့ကို ကြိုဆို၍ အောက်တိုဘာ ၃ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း**(ဝဲပုံ)**တို့၌ လက်သန့်ရှင်းရေးပညာပေးဟောပြောခြင်း၊ ပညာပေးသီချင်းများ စုပေါင်းသီဆိုခြင်း၊ ကလေးများလက်သန့်ရှင်းနိုင်ရန် ဆပ်ပြာပေးအပ်ခြင်းများကို ပြုလုပ်ခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်နှင့် ကေကေမိုးမြင့်တို့ကလည်း Social Vision Services အဖွဲ့နှင့်အတူ ကျောင်းသား၊ ကျောင်းသူများအား လက်ဆေးခြင်း၊ ပညာပေးတေးသီချင်းများ သီဆိုခြင်း၊ ဆပ်ပြာများ၊ ပညာပေးပိုစတာများနှင့် စတေကာများအား ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ကြသည်။

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လက်ဆေးနေ့ကို တာမွေမြို့နယ်ရှိ ကျောင်းများနှင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ကျောင်းများ၌ ကျင်းပသွားမည်ဖြစ်ရာ လိုအပ်သော ထောက်ပံ့မှုများကို UNICEF နှင့် Infinity Inverstment Company Ltd., တို့က ကူညီကြကြောင်း သိရသည်။

(သတင်းစဉ်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ပဒေသာအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၉ ရက်တွင် ပဒေသာအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပဒုမ္မာအားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ပဒေသာအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လှိုင်ကော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

**ကယားပြည်နယ် လှိုင်ကော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု (လူသစ်တန်း)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီက ကယားပြည်နယ် ကန္တာရဝတီအားကစားကွင်း (ချိကယ်)၌ ကျင်းပခဲ့သည်။**

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဌာနဝန်ကြီး ဦးကိုးရယ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှ၊ စည်ပင်သာယာရေး ဝန်ကြီး ဌာနဝန်ကြီး ဦးအောင်နိုင်ဦး၊ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် ပန်ကန်းကျေးရွာ ဘောလုံးအသင်းနှင့် နာနတ်တော ကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပယ်နယ်တီ အဆုံးအဖြတ်အဖြစ် ပန်ကန်းကျေးရွာ ဘောလုံးအသင်းမှ နာနတ်တောကျေးရွာ ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးတင်နုက ပထမဆုရရှိသော ပန်ကန်းဘောလုံးအသင်းအား လည်းကောင်း၊ မြို့နယ် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်သိဏ်းက ဒုတိယဆုရ နာနတ်တော ဘောလုံးအသင်းအား လည်းကောင်း၊ BRABO ကုမ္ပဏီမှ တာဝန်ရှိသူက တတိယဆုရ ကုန်းသာဘောလုံးအသင်းအား လည်းကောင်း၊ ပြည်နယ်ဘောလုံးလက်ရွေးစင်ဟောင်း ဦးနေထွန်းက ပူးတွဲ တတိယဆုရ ကုန်းသာ ဘောလုံးအသင်းအား လည်းကောင်း၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူက နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရ ကစားသမားများအား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၁ ခုနှစ် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ မိုးညှင်းမြို့နယ် အားကစားကွင်း၌ ကျင်းပရာ အသင်းပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အကြိုဗိုလ်လုပွဲများကို အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ✻ သောကြာဂြိုဟ်မှ

*ဥရောပအာကာသအေဂျင်စီက ထုတ်ပြန်ခဲ့သော ကြေညာချက်၌ ဖော်ပြထားသည်။*

*သောကြာဂြိုဟ်၏ လေထုလွှာအတွင်း အိုဇုန်းခတ်ငွေ့ တည်ရှိမှုအား ထောက်လှမ်းသိရှိနိုင်ခဲ့ခြင်းသည် အခြားသော ဂြိုဟ်များပေါ်ရှိ သက်ရှိတို့၏ ဇီဇခြေရာများကို စူးစမ်းလေ့လာရာ၌ အထောက်အကူပြုမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။*

*အိုဇုန်းသည် အောက်စီဂျင်အက်တမ် သုံးခုပါဝင်သော မော်လီကျူးဖြစ်ပြီး ယခင်က ကမ္ဘာမြေနှင့် အင်္ဂါဂြိုဟ်တို့၏ လေထုလွှာများ၌သာ ယင်းမော်လီကျူးများ တည်ရှိကြောင်း စူးစမ်းတွေ့ရှိခဲ့ရဖူးသည်။*

*ကမ္ဘာမြေ၏ လေထုလွှာအတွင်း၌ အောက်စီဂျင်နှင့် ယင်းအက်တမ်များဖြင့် ဖွဲ့စည်းထားသော အိုဇုန်းမော်လီကျူးများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂ ဒသမ ၄ ဘီလီယံကပင် ဖြစ်တည်ခဲ့သည်။* (အင်တာနက်)



# အမျိုးသားဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်ပွဲ အကြို ဗိုလ်လုပွဲကို ယနေ့ သိမ်ဖြူမြက်ခင်း တုဟော်ကီကွင်း၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ် အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ **(အပေါ်ပုံ)**

အောက်တိုဘာ ၉ ရက်တွင် တတိယ ဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ဗိုလ်လုပွဲ အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

## ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၁ ခုနှစ် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ရွှေကျင်အားကစားကွင်း၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ရှစ်သင်းဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဗိုလ်လုပွဲကို အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် ရွှေကျင်မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရှမ်းကြေး ရပ်ကွက်အသင်းနှင့် အနောက်ဖက် ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ရှမ်းကြေးရပ်ကွက် အသင်းက အနောက်ဖက်ကျေးရွာ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေကျင်မြို့နယ် ဒုတိယရဲမှူး ဦးခင်မောင်ဝင်းက ပထမဆုရရှိသော ရှမ်းကြေးရပ်ကွက်အသင်းအား ဆုကြေးငွေ ကျပ်နှစ်သိန်းကို လည်းကောင်း၊ ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ပထမတံခွန်စိုက်ဆုဖလား ရရှိသော ရှမ်းကြေးရပ်ကွက်အသင်းအား လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့်သောင်းက ဒုတိယဆုရရှိသော အနောက်ဖက်ကျေးရွာအသင်းအား ဆုကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို လည်းကောင်း၊ ရွှေကျင်သားကုမ္ပဏီမှ တာဝန်ရှိသူက အကောင်းဆုံးအားကစား သမားဆုရရှိသော အားကစားသမားကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရာဖေးလ်နာဒယ်လ် ဗိုလ်လုပွဲတက်

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပလျက်ရှိသည့် ATP Rakuten Japan အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်လ်မှာ ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ရာဖေးလ်နာဒယ်လ်သည် ယခုယှဉ်ပြိုင်ကစားသည့် ဆီမီးဖိုင်နယ်တွင် အမေရိကန် တင်းနစ်ကစားသမား မာဒီဖက်ရှ်ကို ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

**အင်တာနက်**



◆ **တရုတ်အိုးပင်းမှ**

ရုရှားတင်းနစ်မယ် ကီရီလင်ကိုကို ၃-၆၊ ၆-၃၊ ၆-၄ ဖြင့်လည်းကောင်း၊ ဂျာမနီ တင်းနစ်မယ် ပက်ကိုဗစ်က ရုရှားတင်းနစ်မယ် ပက်လူချန်ကိုဗာကို ၆-၃၊ ၇-၆ ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ ရတ်ဒ်ဝမ်စကာနှင့် အီဗန်နိုဗစ်တို့ပွဲတွင် ဒုတိယပွဲ၌ အီဗန်နိုဗစ်မှာ ကြွံခိုင်မှုမပြည့်ဝ၍ အနားတောင်း အရှုံးပေးသွားခြင်းဖြစ်သည်။

**ဆီမီးဖိုင်နယ်**

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ပင်နက်တာနှင့် ရတ်ဒ်ဝမ်စကာ၊ နီကူလစ်ကူနှင့် ပက်ကိုဗစ်တို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ **အင်တာနက်**

# ယူရို ၂၀၁၂ ခြေစစ်ပွဲရလဒ်များ

| | | |
|---|---|---|
| တူရကီ | ၁-၃ | ဂျာမနီ |
| ဆလိုဗက်ကီးယား | ၀-၁ | ရုရှား |
| ဆားဘီးယား | ၁-၁ | အီတလီ |
| ပြင်သစ် | ၃-၀ | အယ်လ်ဘေးနီးယား |
| မွန်တီနီဂရိုး | ၂-၂ | အင်္ဂလန် |
| ပေါ်တူဂီ | ၅-၃ | အိုက်စလန် |
| ချက် | ၀-၂ | စပိန် |

**အင်တာနက်**

## ပြည်သူ့ထံမှ ပေးစာများ

### ဂိမ်းဆိုင်များကြောင့် လမ်းသွားရခက်

***စာတည်းခင်ဗျား*** - တွံတေးမြို့ ကျုံးကြီးရပ်ကွက်အတွင်းရှိ ကျုံးကြီးလမ်းနှင့် ရွှေဆံတော် ဘုရားလမ်းသို့ ဆက်သွယ်ထားသော ဖောင်တော်ဦးစေတီလမ်းပေါ်တွင် ဂိမ်းဆိုင်များ လမ်းပိတ်ဆောက်လုပ်ထားပါသဖြင့် အများပြည်သူ သွားလာရေးအတွက် အနှောင့်အယှက်ဖြစ်နေပါသောကြောင့် အဆိုပါလမ်းအား သွားလာနိုင်ရန် သက်ဆိုင်ရာက ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ တွံတေးသား

### ကျူးကျော်ဈေးသည်များ ဖယ်ရှားစေချင်

***စာတည်းခင်ဗျား*** - ရန်ကုန်မြို့ တာမွေမြို့နယ် မလ္လကုန်းဒွေးကြွယ်(က)ရပ်ကွက် သတိပဋ္ဌာန်လမ်းနှင့် အာသောကလမ်း ဆေးခန်းဘေးတွင် သားငါးများ ရောင်းချလျက်ရှိရာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပါသဖြင့် သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ကျန်းမာရေးစိုးရိမ်သူ

### မိလ္လာအနံ့ဆိုး ကျန်းမာရေးထိခိုက်

***စာတည်းခင်ဗျား*** - ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် (၅၁)လမ်းနှင့် (၅၂)လမ်းကြားရှိ နောက်ဖေးလမ်းကြားတွင် (၅၁) လမ်း အိမ်ရာရှိ တိုက်တစ်တိုက်၏ နောက်ဖေးမိလ္လာပိုက်သည် ဆွေးမြည့်ပေါက်ပြဲနေပြီး မိလ္လာအညစ်အကြေးများ လမ်းကြားတွင် ပျံ့နှံ့နေကာ အနံ့ဆိုးများကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသည်။ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ကျန်းမာသန့်ရှင်းလိုသူ

### မူးယစ်သောက်စားကျူးကျော်တဲရှင်းလင်းစေလို

***စာတည်းခင်ဗျား*** - ရန်ကုန်မြို့ တာမွေမြို့နယ် ဒဂုံလွင်လမ်းနှင့် ဝဏ္ဏသိဒ္ဓိလမ်းထောင့် မုန့်ဟင်းခါးတဲတွင် ညဘက်၌ အရက်သေစာများ မူးယစ်သောက်စားသော လူစိမ်းများရှိခြင်း၊ အမျိုးသားနှင့် အမျိုးသမီးများ အချိန်မတော်တွေ့ဆုံခြင်း၊ ပတ်ဝန်းကျင်နေသူများအား ကြမ်းတမ်းစွာ ပြောဆိုဆက်ဆံခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ လမ်းသူ/လမ်းသားများ

### ခွေးသားပေါက်သံ ဆူဆူညံ

***စာတည်းခင်ဗျား*** - ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ် (၃)ရပ်ကွက် ဗန္ဓုလလမ်းပေါ်ရှိ တိုက်ခန်းတစ်ခုတွင် လူမနေဘဲ ခွေးများသားဖောက်၍ ရောင်းချလျက်ရှိရာ ခွေးဟောင်သံများ၊ မစင်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ရေတာရှည်သား

### ရပ်ကွက်အတွင်းဝက်မွေးမြူမှု ရှင်းပေးစေလို

***စာတည်းရှင့်*** - ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၇)ရပ်ကွက် အဓိပတိလမ်းရှိ ရေစက်ဝင်းအတွင်း ဝက်များကို မွေးမြူနေခြင်းကြောင့် ဝက်များ၏ အော်ဟစ်သံများ၊ အညစ်အကြေးအနံ့အသက်များ၊ စည်းကမ်းမဲ့အိမ်သာများမှ အနံ့အသက်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ဒဂုံသူ

### ကြောင်များကြောင့် အနံ့ဆိုးထွက်

***စာတည်းခင်ဗျား*** - အမှတ်(၆၃) ရေကျော်လမ်းမ (၇) ရပ်ကွက် ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးသည် ၎င်းပိုင်အခန်းများတွင် ကြောင်များစွာ မွေးမြူထားပါသဖြင့် တိုက်တစ်တိုက်လုံးတွင် ကြောင်အညစ်အကြေးများနှင့် အနံ့ဆိုးများဖြင့် ညစ်ပတ်ကာ တိုက်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်နေပါသည်။ သက်ဆိုင်ရာသို့ တိုင်ကြားသော်လည်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ သို့ပါ၍ ယင်းကိစ္စအား အမြန်ဆုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ အနံ့ဆိုးမခံနိုင်သူ

### ရေမြောင်းကြီးကို ပြန်ဖော်ပေးပါ

***စာတည်းခင်ဗျား*** - ဗဟန်းမြို့နယ် သံလွင်လမ်းမကြီးမှ ရွှေတောင်ကုန်းပဏ္ဍိတာရာမကျောင်းသို့သွားသော သံလွင်လမ်းသွယ်ပေါ်တွင် နှစ်ပေါင်း ၃၀ ကျော်ကတည်းက ၇ ပေ အကျယ် ၅ ပေအနက်ခန့်ရှိ ရေမြောင်းကြီးသည် ကန့်လန့်ဖြတ် စီးဆင်းခဲ့ရာ ရေစီးရေလာအလွန်ကောင်းခဲ့ပါသည်။ ယခုအခါ ၎င်းရေမြောင်းကြီးကို အချို့အိမ်များက ကိုယ်ပိုင်မြေအဖြစ် မြေဖို့ပိတ်ဆို့ယူခဲ့ကြပါသည်။ ထို့ကြောင့် မိုးရွာလျှင် မော်တော်ကားများဖြတ်မရသည့်အပြင် ပတ်ဝန်းကျင်အိမ်များကို ရေလျှံမှုများ တွေ့ကြုံခံစားနေရပါ၍ စည်ပင်ပိုင်ရေမြောင်းကြီးကို အမြန်ဆုံးဖော်ထုတ်ပေးပါရန် တင်ပြအပ်ပါသည်။ လမ်းသူ/လမ်းသားများ

### သားငါးအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၃-၁၀-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာ စာတည်းထံပေးစာကဏ္ဍတွင် ဖော်ပြပါရှိသည့် သားငါးအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ပေးစာနှင့် ပတ်သက်၍ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ၅-၉-၂၀၁၁ ရက်တွင် ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ပြန်ကြားအပ်ပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားရှင်းလင်းပြီး

၃-၁၀-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာ ပြည်သူ့ထံမှ ပေးစာများကဏ္ဍတွင် ပါရှိသော ညောင်လေးပင်မြို့ မြို့မဈေးတောင်ဘက်လမ်းတွင် ရေမြောင်းအပြင်ဘက်အထိ ကျူးကျော်ရောင်းချနေသည့် ဆိုင်များအား ၄-၁၀-၂၀၁၁ ရက်တွင် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်းနှင့် အရေးပေါ်ကားများ ဝင်/ထွက်နိုင်ရန် စီစဉ် ဆောင်ရွက်ထားပြီးကြောင်း ဖော်ပြအပ်ပါသည်။ မြို့နယ်စည်ပင်

တပေါစ တော်မင်္ဂလ မုတ္တမံ
ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။



## ပန္နက်တော် ရိုက်သွင်းပေး

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ငမိုးရိပ်တံတား (ပါရမီ) အမှတ်(၄) ပန္နက်တော်တွင် Stand Pipe အားVibro Hammer ဖြင့် စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးစဉ်။**

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ငမိုးရိပ်တံတား (ပါရမီ) ပန္နက်တော်တင်အခမ်းအနားနှင့် ANGVA Green High Way ၂၀၁၁ အစီအစဉ်အခမ်းအနား တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၈

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း၌ကျင်းပသည့် ငမိုးရိပ်တံတား(ပါရမီ) ပန္နက်တော်တင် ရတနာပိုင်တိုင်စိုက်ထူခြင်း မင်္ဂလာ အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့က ပန္နက်တင်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၄) ပန္နက်တော်၌ Stand Pipe ကို Vibro Hammer ဖြင့် စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးသည်။

ယခုတည်ဆောက်မည့် ငမိုးရိပ်ချောင်းကူး(ပါရမီ) တံတားသစ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းတံတားက တာဝန်ယူ တည်ဆောက်မည်ဖြစ်သည်။ ငမိုးရိပ်ချောင်းကူး (ပါရမီ) တံတားသစ်၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်ခြောက်ပေစီနှင့် စုစုပေါင်းတံတားအကျယ် ပေ ၄၀၊ တံတားအရှည် ပေ ၆၀၀ နှင့် တံတားအောက် **စာမျက်နှာ ၉ ကော်လံ ၃ သို့**

## အားကစား



**နိုင်ပွဲရပြီး ဆီမီးဖိုင်နယ်သို့ တက်သွားသည့် ပိုလန်တင်းနစ်မယ် ရတ်ဒ်ဝမ်စကာ။**

### တရုတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ရတ်ဒ်ဝမ်စကာ ဆီမီးဖိုင်နယ်တက်

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် WTA China အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့က ကျင်းပခဲ့ရာ ပိုလန်တင်းနစ်မယ် ရတ်ဒ်ဝမ်စကာ နိုင်ပွဲရပြီး ဆီမီးဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

ယခုပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အီတလီတင်းနစ်မယ် ပင်နက်တာက ကမ္ဘာ့အဆင့်(၁) ဒိန်းမတ် တင်းနစ်မယ် ဝေါ့ဇနက်ကီကို ၃-၆၊ ၆-၀၊ ၇-၆ ဖြင့် လည်းကောင်း၊ ရတ်ဒ်ဝမ်စကာက ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်ကို ၆-၃၊ ၃-၂ ဖြင့်လည်းကောင်း၊ ရိုမေးနီယားတင်းနစ်မယ် နီကူလစ်ကူက **စာမျက်နှာ ၁၀ ကော်လံ ၃ သို့**

## အင်တာနက်သတင်း

### သောကြာဂြိုဟ်၏ လေထုလွှာအတွင်း အိုဇုန်းမော်လီကျူးများ တည်ရှိနေ



**ပါရီ အောက်တိုဘာ ၈**

ဗီးနပ်စ်ခေါ် သောကြာဂြိုဟ်အား လှည့်ပတ်စူးစမ်းလျက်ရှိသော အာကာသယာဉ်တစ်စင်းသည် ယင်းဂြိုဟ်၏ လေထုလွှာအတွင်း အိုဇုန်းမော်လီကျူးများကို ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း နက္ခတ္တဗေဒသိပ္ပံပညာရှင်များက အောက်တိုဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

သောကြာဂြိုဟ်၏ လေထုလွှာအတွင်း တည်ရှိသည့် အိုဇုန်းမော်လီကျူးများသည် ကမ္ဘာမြေနှင့် အင်္ဂါဂြိုဟ်တို့အား ဝန်းရံဖုံးလွှမ်းထားသော အိုဇုန်းလွှာများအတွင်းရှိ မော်လီကျူးများနှင့် တူညီမှုရှိကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသော ဗီးနပ်စ်အိတ်စ်ပရက်ခေါ် အာကာသယာဉ်က သောကြာဂြိုဟ်၏ လေထုလွှာအတွင်း အိုဇုန်းမော်လီကျူးများ ပါဝင်နေသည့်အဖြစ်အား လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဗီးနပ်စ်အိတ်စ်ပရက် အာကာသယာဉ်၌ တပ်ဆင်ထားသောစူးစမ်းလေ့လာရေးကိရိယာများက သောကြာဂြိုဟ်၏ လေထုလွှာအတွင်း တည်ရှိနေသည့် အိုဇုန်းဓာတ်ငွေ့များ၏ သဲလွန်စအား ထောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၃ သို့**

## ယနေ့သတင်းအညွှန်း

### လူကုန်ကူးမှုတိုက်ဖျက်ရေး ဒုတိယငါးနှစ်စီမံကိန်း စတင်ရေးဆွဲ

"လိင်မှုဆိုင်ရာ အသုံးချရန်အတွက် ကျူးလွန်ခဲ့ကြရာမှ နောက်ပိုင်းတွင် အဓမ္မလုပ်အားခိုင်းစေရန်၊ အဓမ္မထိမ်းမြားလက်ထပ်ရန်၊ အဓမ္မတောင်းရမ်းစေခိုင်းရန်၊ အိမ်ဖော်လုပ်ငန်း အသုံးပြုရန် . . . စသည့် ပစ်မှတ်များ ထားရှိသည့်အတွက် စီမံချက်များရေးဆွဲ"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

### အမေရိကန်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင်ဖြစ်လာသူ ရှာကီရာ

"ပေါ့ပ်ဂီတကြယ်ပွင့် ရှာကီရာသည် အမေရိကန်သမ္မတ၏ လက်တင်အမေရိက လူမျိုးများဆိုင်ရာ ပညာရေးအကြံပေးကော်မရှင်အဖွဲ့ဝင်ဖြစ်လာ၊ သမ္မတအိုဘားမားက နိုင်ငံ၏အရေးကြီးသည့်ကာလတွင် ပုဂ္ဂိုလ်ရေးကျော်ကြားမှုရှိသူများက အမေရိကန်ပြည်သူများအတွက် ပူးပေါင်းလုပ်ဆောင်မည်ကို ဂုဏ်ယူ"

ပြည်ပအနုပညာသတင်း စာမျက်နှာ - ၅